**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် စိုက်မွေးမဟုတ်သောလုပ်ငန်းများ လုပ်ကိုင်ရန်အတွက် အလုပ်လုပ်နိုင်သူ လုပ်သားအင်အားပေါများသည်။ စက်ချုပ်၊စက်ပြင်၊ အလှပြင် လုပ်ငန်းများအတွက် လက်လှမ်းမီမှုရှိ သည်ကို တွေ့ရပါသည်။ ရေလမ်းတစ်မျိုးတည်းသာ ရှိသောကြောင့် ရေတက်ချိန်များ တွင်သာ သွားလာရပြီး အခက်အခဲမရှိပါ။ အသက်မွေးဝမ်းကျောင်း နည်းပညာများ လက်လှမ်းမီမှု မရှိသောကြောင့် နည်းပညာ ဝန်ဆောင်မှုများ ရရှိရန်လိုအပ်ပါသည်။ ရေလုပ်ငန်း လုပ်ကိုင်ရာတွင်

ရေထွက်သယံဇာတများ အသင့်အတင့် ရရှိပါသည်။ ကျေးရွာမှလျှပ်စစ် မီးရရှိနိုင်ပြီး တစ်လလျှင် မီတာခ(၉၀၀၀)ခန့် ပေးဆောင်ရပါသည်။

### (၂.၂.၃.၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၂၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးရေးအတွက် ပြဿနာနှင့် အခက်အခဲများ

| **ပြဿနာနှင့် အခက်အခဲများ** | **ဖော်ပြချက်/ ရှင်းလင်းချက်** |
|---|---|
| အသက်မွေးဝမ်းကျောင်း နည်းပညာ ဝန်ဆောင်မှု ရရှိမှုအားနည်းခြင်း | ဌာနဆိုင်ရာများမှအဝင်အထွက်နည်းပြီး နည်းပညာဝန်ဆောင်မှု အားနည်းသည်။ |
| အရင်းအနှီးမလုံလောက်ခြင်း | အိမ်ထောင်စုအများစုမှာဆင်းရဲပြီး အရင်းအနှီးမတတ်နိုင်ကြပါ။ |
| အလုပ်အကိုင် အခွင့်အလမ်း နည်းပါးခြင်း | ရေလုပ်ငန်းလုပ်ကြသော်လည်းလုပ်သားများပြားပြီးအလုပ်အကိုင် အခွင့်အလမ်းနည်းပါးသည်။ |
| ပညာတတ်မြောက်မှု နည်းပါးခြင်း | အသင့်အတင့်ရှိပါသည်။ |
| လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း | ရေလမ်းတစ်မျိုးတည်းသာရှိပါသည်။ |
| လျှပ်စစ်မီး မရရှိခြင်း | ကျေးရွာတွင်လျှပ်စစ်မီးည(၆)နာရီမှည(၁၁)နာရီအထိသာရရှိပါသည်။ |
| ဈေးကွက်ဆိုင်ရာ အသိရှိမှု နည်းပါးခြင်း | ကုန်စည်အမျိုးအစားအလိုက် ဈေးကွက်အခြေအနေနှင့် ဈေးနှုန်းသိရှိမှုရှိ သည်။ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် အသက်မွေးဝမ်းကျောင်းနည်းပညာ ဝန်ဆောင်မှုအားနည်းပြီး အဖွဲ့အစည်းများမှ လာရောက်သင်တန်းပေးခြင်းများမရှိပါ။ ရွာသားအများစုမှာ ဆင်းရဲပြီး အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် အရင်းအနှီးမရှိခြင်း နည်းပညာမရှိ ခြင်းများကြောင့် ရေလုပ်ငန်းကိုသာ အဓိကလုပ်ကိုင်ကြပြီး အလုပ်အကိုင်အခွင့်အလမ်း နည်းပါး သည်ကို တွေ့ရပါသည်။ကျေးရွာတွင် အထက်တန်းပညာရေးအထိ တက်ရောက်နိုင်ပြီးပညာတတ် မြောက်သူများ ပါသည်။ လျှပ်စစ်မီးကိုည(၆)နာရီမှ ည(၁၁)နာရီအထိသာရရှိပါသည်။ ရေလမ်းတစ်မျိုး တည်းသာရှိပြီး မိုးရာသီတွင်လှိုင်းကြီးခြင်းများကြောင့် အခက်အခဲရှိပါသည်။

## (၂.၃) ရွှေ့ပြောင်းလုပ်သားများ

### (၂.၃.၁) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား (၂၄) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

| # | ပုံစံ | အိမ်ထောင်စု အရေအတွက် | ပြည်တွင်း | | | ပြည်ပ | | | လူဦးရေ | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁ | ရွှေ့ပြောင်း လုပ်သား ရှိသော အိမ်ထောင်စုနှင့် လူဦးရေ | ၂၀ | ၆ | ၆ | ၁၂ | ၁၁ | ၈ | ၁၉ | ၁၇ | ၁၄ | ၃၁ |
| ၂ | ကျေးရွာပြင်ပသို့ ရွှေ့ပြောင်းမှုကာလ | | | | | | | | | | |
| | ၃ လ အထိ | ၂ | ၁ | - | ၁ | - | - | - | ၂ | - | ၂ |
| | ၆ လ အထိ | - | - | - | - | - | - | - | - | - | - |
| | ၁၂ လ အထိ | ၂ | ၁ | - | ၁ | - | - | - | ၁ | - | ၁ |
| | ၁၂ လ အထက် | ၁၈ | ၄ | ၆ | ၁၀ | ၁၁ | ၈ | ၁၉ | ၁၅ | ၁၄ | ၁၉ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - စိုက်ပျိုးမွေးမြူရေး မဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အလုပ်ဝင်ငွေအတွက်အခြားဒေသများ သို့သွားရောက် အလုပ်လုပ်ကိုင်သူများလည်းရှိပါသည်။ ကျေးရွာတွင်းလုပ်ကိုင်ရန်အဆင်မပြေသော အိမ်ထောင်စုများမှ ထိုင်းနိုင်ငံ အထိသွားရောက် အလုပ်လုပ်ကိုင်ကြပါသည်။

### (၂.၃.၂) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

ဇယား (၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

| စဉ် | အကြောင်းအရာ | လူဦးရေ |
|---|---|---|
| ၁ | ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေ အခွင့်အလမ်းများ ရှာဖွေရန် | ၃၁ |
| ၂ | နိုင်ငံရေးနှင့်ဆိုင်သော အကြောင်းရင်း | - |
| ၃ | ဒေသတွင်း ပဋိပက္ခဖြစ်ပွားမှုကြောင့် လုံခြုံမှု မရှိသည့် အကြောင်းရင်း | - |
| ၄ | အခြား | - |

ရင်းမြစ် … အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် မိသားစုဝင်ငွေအတွက်အခြားဒေသများသို့ သွားရောက် လုပ်ကိုင်သူများမှာအလုပ်အကိုင်ဝင်ငွေအခွင့်အလမ်းများရှာဖွေရန် သွားရောက် လုပ်ကိုင် ကြပြီး ဝန်ထမ်းများမှာလည်း မိမိတို့တာဝန်ကျသော နေရာများသို့သွားရောက် လုပ်ကိုင်ကြ ပါသည်။

## (၂.၃.၃) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား (၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

| စဉ် | အကြောင်းအရာ | အိမ်ထောင်စု အရေအတွက် | | | | |
|---|---|---|---|---|---|---|
| | | စုစုပေါင်း | % ကျေးရွာအတွင်းရှိ စုစုပေါင်း အိမ်ထောင်စု | မြင့် | လတ် | နိမ့် |
| ၁ | ပြန်ပို့ငွေကို မှီခိုနေရသော အိမ်ထောင်စု အရေအတွက် | ၂၁ | - | - | ၁၇ | - |
| ၂ | ပြန်ပို့ငွေ လမ်းကြောင်းများ | | | | | |
| | - ငွေလွှဲလုပ်ငန်း (ဟွန်ဒီ) | - | - | - | - | - |
| | - ဘဏ် | - | - | - | - | - |
| | - လူကြုံ/ကိုယ်တိုင်ဖြင့်လွှဲပို့ခြင်း | ၁၅ | - | - | ၁၅ | - |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာရှိ ပြန်ပို့ငွေမှီခိုနေရသောအိမ်ထောင်စု (၂၁)ရှိပြီး ရပ်တည်မှု အလယ်အလတ်တွင်ရှိပါသည်။ အချို့အိမ်ထောင်စုများမှ ပြန်ပို့ငွေကို လူကြုံဖြင့်လွှဲပို့ကြပြီး အချို့ အိမ်ထောင်စုများမှာ လအနည်းငယ်သာ သွားရောက်လုပ်ကိုင်မှုရှိသည့်အတွက် မိသားစုထံသို့ ပြန်ပို့ နိုင်ခြင်း မရှိသည်ကိုတွေ့ရပါသည်။

## (၂.၄) ကုန်စည်နှင့် ဝန်ဆောင်မှု ဈေးကွက်

ဇယား (၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး | အကြီးစားဈေးကွက် |
|---|---|---|
| ရွာမှ အကွာအဝေး (မိုင်) | ရွာတွင်းဈေး | မြိတ်(၁၇၀)မိုင် |
| သယ်ယူပို့ဆောင်ရေး လမ်းကြောင်း နှင့် ၎င်း၏ အထောက်အပံ့များ | ရေလမ်း | |
| ကုန်စည်နှင့်ဝန်ဆောင်မှု ရရှိနိုင်မှု အမျိုးအစားများ | စားသောက်ကုန်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများ | |
| ဈေးအခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှု | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် လမ်းခင်းဈေးတစ်မျိုးတည်းသာရှိပြီး အခြား စားသောက်ကုန် ပစ္စည်းများနှင့် အိမ်အသုံးအဆောင်ပစ္စည်းများကို မြိတ်မြို့သို့ သွားရောက် ဝယ်ယူကြ ပါသည်။ မြိတ်သို့မိုင် (၁၇၀)ခန့် သွားရပြီး အသွားအပြန်(၃၀၀၀၀)ခန့် ပေးရပါသည်။ ထိုင်းနယ်စပ်နှင့် ချိတ်ဆက်ပြီး စားသောက်ကုန်ပစ္စည်းများကို ရောင်းဝယ်ဖောက်ကားခြင်းများလည်း ရှိပါသည်။

## (၂.၅) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား (၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

| ချေးငွေ ရရှိနိုင်သည့် နေရာ | ငွေကြေး ဝန်ဆောင်မှု အမျိုးအစား | ပြန်လည် ပေးဆပ်ရ မည့် ကာလ | အတိုးနှုန်း (%) | အပေါင်ခံ ပစ္စည်း လိုအပ်မှု | ချေးငွေရရန် အခက်အခဲများ |
|---|---|---|---|---|---|
| အစိုးရဘဏ် (စိုက်ပျိုးရေးဘဏ်) | - | - | - | - | |
| ပုဂ္ဂလိကဘဏ် | - | - | - | - | - |
| ငွေချေးပေးသူ | - | နေ့ပြန်တိုး | ၂၀ | ၁၀ရက် | - |
| အပေါင်ဆိုင် | - | - | ၁၀ | - | - |
| မိတ်ဆွေနှင့် ဆွေမျိုးများ | - | - | - | - | - |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ (၂) သက်ဆိုင်ရာ ငွေကြေး ဝန်ဆောင်မှု ပေးသောအဖွဲ့များ။

မှတ်ချက်။ ။ ငွေကြေး ဝန်ဆောင်မှု အမျိုးအစား - ချေးငွေ၊ စုငွေ၊ အာမခံစနစ်

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် သမဝါယမအဖွဲ့အစည်းများမှ ငွေကြေးချေးယူမှု များရှိပြီး၊ ပိုင်ဆိုင်မှုပြ၍ ချေးယူရသည်ကိုတွေ့ရသည်။ အတိုးနှုန်းအနေဖြင့် (၂)ကျပ် တိုးပေးဆောင် ရသည်။ ရွာလုပ်ငန်းရှင် များထံချေးယူရာတွင် (၂၀/၃၀/၁၅)ကျပ်ပေးဆောင်ရပြီး နေ့ပြန်တိုးအနေဖြင့် တစ်သိန်းလျှင်အတိုးနှုန်းတစ်ရက် (၂၀၀၀) ပေးဆောင်ရပါသည်။ လုပ်ငန်းရှင် များထံချေးယူရာတွင် ပိုင်ဆိုင်မှုပစ္စည်းများအာမခံပေးရခြင်းများ မရှိသည်ကို တွေ့ရပါသည်။

## (၂.၆) ပတ်ဝန်းကျင်နှင့် သဘာဝ ရင်းမြစ်များ စီမံခန့်ခွဲမှု

### (၂.၆.၁) ပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ

ဇယား (၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ

| အခက်အခဲ | အန္တရာယ်ရှိမှု (မြင့်/လတ်/နိမ့်) | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေဆီလွှာ အခြေအနေ | မြင့် | ရာသီဥတု(နွေရာသီတွင်ပူပြင်း)၊ မိုးမမှန်ခြင်း |
| အပင်မျိုးစိတ်များ | - | - |
| ဖျက်ပိုးနှင့်ရောဂါကာကွယ် ထိန်းချုပ်မှု | - | - |
| ရေအရင်းအမြစ် | - | မိုးရာသီတွင်သာစိုက်ပျိုးကြသည် ။ |
| ငါးမျိုးကွဲများ | ငါးသလောက်၊ ငါးမုတ် | စားကျက်မရှိ |

| အခက်အခဲ | အန္တရာယ်ရှိမှု (မြင့်/လတ်/နိမ့်) | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| အခြားတိရစ္ဆာန်မျိုးကွဲများ | သစ်တောရဲ့(၇၀%)ကိုဆီအုန်းကုမ္ပဏီမှဆီအုန်းစိုက်ပျိုးထားပါသည်။ | တိရစ္ဆာန်မျိုးစိတ်များမရှိပါ။ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် နွေရာသီတွင်အပူချိန်ပြင်းပြီး မိုးမမှန် ခြင်းများ ကြောင့် သီးနှံစိုက်ပျိုးရန်ခက်ခဲပြီး မိုးရာသီတွင်သာစိုက်ပျိုးနိုင်ပါသည်။ ပင်လယ်ဒေသ ဖြစ်သောကြောင့် ငါးဖမ်းလုပ်ငန်းကိုသာ အဓိကလုပ်ကိုင်ကြပြီး စိုက်ပျိုးရေးလုပ်ကိုင်သူ နည်းပါးသည်။ ငါးသလောက်၊ ငါးမုတ်များနှင့် အခြားငါးမျိုးကွဲများအတွက် မွေးမြူရန်စားကျက်မြေရှားပါး သည်ကိုတွေ့ရသည်။

## (၂.၇) ပညာရေး

### (၂.၇.၁) ပညာရေးနှင့် စာတတ်မြောက်မှု

ဇယား (၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

| အတန်းပညာပြီးမြောက်မှု | ကျား | မ | ပေါင်း | ၁၀ နှစ်နှင့်အထက် လူဦးရေ၏ % |
|---|---|---|---|---|
| စာမတတ်သူဦးရေ | ၁၆ | ၁၉ | ၃၅ | ၄.၈% |
| ဘုန်းကြီးကျောင်းသင်ပညာရေး | ၂၃ | ၁၃ | ၃၆ | ၅.၁% |
| မူလတန်းပညာရေး မပြီးဆုံးသူဦးရေ | ၁၄၉ | ၇၉ | ၂၂၈ | ၃၂.၄% |
| မူလတန်းပညာရေး ပြီးဆုံးသူဦးရေ | ၉၇ | ၈၂ | ၁၇၉ | ၂၅.၄% |
| အလယ်တန်းပညာရေး ပြီးဆုံးသူဦးရေ | ၈၆ | ၆၀ | ၁၄၆ | ၂၀.၇% |
| အထက်တန်းပညာရေး ပြီးဆုံးသူဦးရေ | ၂၈ | ၃၂ | ၆၀ | ၈.၅% |
| တက္ကသိုလ်ပညာ ပြီးဆုံးသူဦးရေ | ၆ | ၁၄ | ၂၀ | ၂.၈% |
| **၁၀ နှစ်နှင့်အထက် လူဦးရေပေါင်း** | **၄၀၅** | **၂၉၉** | **၇၀၄** | **၁၀၀%** |

ရင်းမြစ် … အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ ကကျေးရွာတွင် စာမတတ်သူဦးရေ (၄.၈%)ခန့်သာရှိပြီး ပညာတတ်မြောက်သူ (၉၅.၂%)အထိရှိပါသည်။ ကျေးရွာတွင် ဘွဲ့ရသူ(၂၀)ဦးရှိပြီး အထက်တန်းပညာပြီးဆုံးသူ (၆၀)ဦးခန့်ရှိပါသည်။ မူလတန်းမပြီးဆုံးသူဦးရေ(၃၂.၄%)သာရှိ၍ အလယ်တန်းအဆင့်ပညာရေးနှင့် အထက်တန်းအဆင့်ပညာရေးတွင် (၂၀.၇%)အထိရှိနေပါသည်။

### (၂.၇.၂) လက်ရှိ ကျောင်းတက်နှုန်း

ဇယား (၃၁) လက်ရှိ ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း | စုစုပေါင်းကျောင်းနေအရွယ် လူဦးရေ၏ % |
|---|---|---|---|---|
| မူလတန်း (၅-၉ နှစ်) | ၁၃၃ | ၁၂၂ | ၂၅၅ | ၄၃.၁% |
| အလယ်တန်း (၁၀-၁၄နှစ်) | ၁၁၃ | ၁၁၃ | ၂၂၆ | ၃၈.၂% |

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း | စုစုပေါင်းကျောင်းနေအရွယ် လူဦးရေ၏ % |
|---|---|---|---|---|
| အထက်တန်း (၁၅-၁၆ နှစ်ကြား) | ၃၁ | ၅၃ | ၈၄ | ၁၄.၂% |
| တက္ကသိုလ် ကျောင်းသား၊ သူ | ၁၂ | ၁၅ | ၂၇ | ၄.၅% |

ရင်းမြစ် … (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် မူလတန်းကျောင်းတက်နှုန်း (၄၃.၁%)ခန့် အထိရှိပြီး အလယ်တန်းနှင့် အထက်တန်းပညာတက်ရောက်သူများမှာ (၅၂.၄%)ခန့် အထိရှိသည် ကိုတွေ့ရပါသည်။ တက္ကသိုလ်ပညာရေးတွင် (၄.၅%)ခန့် အထိရှိပြီး ကျေးရွာတွင်ပညာရေးကိုအဓိက ထားသင်ယူကြသည်ကိုလည်း တွေ့ရပါသည်။

## (၂.၇.၃) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၃၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | မူလတန်းကျောင်း | | | အလယ်တန်းကျောင်း | | |
|---|---|---|---|---|---|---|
| ရွာမှ အကွာအဝေး(မိုင်) | ရွာတွင်းကျောင်း | | | | | |
| သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | လမ်းလျှောက် | | | | | |
| စာသင်ကျောင်း အရွယ်အစား (အလျား၊ အနံ၊အမြင့်) | မလုံလောက်(အနွဲရာယ်(၁) ဆောင်) | | | အဆောင်(၂)ဆောင်ရှိပါသည်။ | | |
| အမိုး၊ နံရံ၊ အခင်း အရည်အသွေး | သွပ်မိုး၊အုပ်စီ၊ကွန်ကရစ်ခင်း | | | | | |
| ကျောင်းသုံး ပရိဘောဂ (လုံလောက်မှု ရှိ/မရှိ) နှင့် ကျောင်းအိမ်သာ အခြေအနေ | ကျောင်းသုံးပရိဘောဂလုံလောက်မှုမရှိပါ။ | | | အိမ်သာ(၈)လုံးရှိသော်လည်း လုံလောက်မှုမရှိပါ။ | | |
| ကျောင်းအာဟာရတိုက်ကျွေးမှု (အာဟာရ အမျိုးအစားနှင့် ကြိမ်ရေ) | ၄က်ဖျားတိုက်ဖျက်ရေး(ASI)မှ တစ်နှစ်တစ်ကြိမ်ကျွေးပါသည်။ | | | ကျေးလက်ကဆရာမတစ်နှစ် (၂)ကြိမ်ကျွေးပါသည်။ | | |
| ကျောင်းဆရာ/မ ဦးရေ | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| အစိုးရခန့် | ၃ | ၆ | ၉ | ၁ | ၄ | ၅ |
| ကျေးရွာခန့် | - | - | - | - | - | - |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာရှိ အလယ်တန်းကျောင်းမှာ ရွာလယ်တွင်တည်ရှိပြီး သွားလာရန်လွယ်ကူပါသည်။ ကျောင်းတွင်ငှက်ဖျား တိုက်ဖျက်ရေး (ASI)မှ တစ်နှစ်တစ်ကြိမ် အဟာရတိုက်ကျွေးမှုရှိပြီး ကျေးလက် ဆရာမများမှလည်း တစ်နှစ်လျှင်နှစ်ကြိမ်ခန့် ကျွေးမွေးပါသည်။ ကျောင်းအိမ်သာများလည်း လုံလောက်မှုမရှိသည် ကိုလည်းတွေ့ရသည်။

## (၂.၇.၄) ပညာရေး အခက်အခဲနှင့် ပြဿနာများ

ဇယား (၃၃) ပညာရေး အခက်အခဲနှင့် ပြဿနာများ

| အခက်အခဲ/ ပြဿနာ | ရှင်းလင်းချက် |
|---|---|
| ကျောင်းဆရာ/မ ရရှိနိုင်မှု | လုံလောက်မှုမရှိပါ။ |
| တပည့် - ဆရာ အချိုး | |
| မူလတန်းပညာ | မရှိသလောက်ရှားပါသည်။ |

| အခက်အခဲ/ပြဿနာ | ရှင်းလင်းချက် |
|---|---|
| ကျောင်းထွက်နှုန်း | |
| မသန်စွမ်းသူများအတွက် ပညာရေး အထူးအစီအစဉ် | မသန်စွမ်းသူရှိသော်လည်းအထူးအစီအစဉ်မရှိပါ။ |
| ကျောင်းသုံးစာအုပ်နှင့်စာရေးကိရိယာ | အခမဲ့ပညာရေးစနစ်ကြောင့်အခက်အခဲမရှိပါ။ |
| ဆင်းရဲသော မိသားစုများအတွက် ကျောင်းစရိတ် မတတ်နိုင်မှု | အ.ထ.ကအဆင့်တွင်အနည်းငယ်ရှိပါသည်။ |
| ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများ လက်လှမ်းမီမှု | လက်လှမ်းမီမှုမရှိ(ဘောလုံး(၃)လုံး၊ခြင်းလုံး(၃)လုံးသာရှိပါသည်။ |
| မိဘဆရာအသင်း၏အခန်းကဏ္ဍ/အကျိုးဆောင်အဖွဲ့ | ကျောင်း၏လိုအပ်ချက်(ကျောင်းသုံးစာရေးခုံ)များကိုဖြည့်ဆည်းဆောင်ရွက်သည်။ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ဆရာတပည့်အချိုး ညီမျှမှုမရှိပါ။ မူလတန်းကျောင်းထွက်သူနည်းပါးပြီး အခမဲ့ပညာရေးစနစ်ကြောင့် ဆင်းရဲသားအိမ်ထောင်စုများမှ ကျောင်းစရိတ်မတတ်နိုင်မှုများမရှိသော်လည်း အထက်တန်းအဆင့်ပညာရေးတွင် အနည်းငယ်အ ခက်အခဲ ရှိပါသည်။ မသန်းစွမ်းသူရှိသော်လည်း မသန်စွမ်းသူပညာရေးအတွက် အထူးအစီအစဉ် များမရှိပါ။ ကျောင်းတွင်အားကစားကွင်းရှိသော်လည်း အားကစားပစ္စည်းများလုံလောက်မှုမရှိပါ။

## (၂.၈) ကျန်းမာရေးနှင့် အာဟာရ

### (၂.၈.၁) အဖြစ်များသော ရောဂါများ

ဇယား (၃၄) အဖြစ်များသော ရောဂါများ

| # | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု | | | မှတ်ချက် / သုံးသပ်ချက် |
|---|---|---|---|---|---|
| | | မြင့် | နိမ့် | မရှိ | |
| ၁ | ဝမ်းပျက်ဝမ်းလျှော | | ✓ | | ရာသီဥတုကြောင့်ဖြစ်တတ်ပါသည်။ |
| ၂ | သွေးလွန်တုပ်ကွေး | | ✓ | | ကရသူရှိမှတစ်လတစ်ကြိမ် ဆရာဝန်ကြီးကိုယ်တိုင်လာရောက်စစ်ဆေးသည်။ |
| ၃ | ငှက်ဖျား | | ✓ | | ငှက်ဖျားတိုက်ဖျက်ရေးမှလာရောက်ကုသပေးပါသည်။ |
| ၄ | အသက်ရှူလမ်းကြောင်းကူးစက်ရောဂါ | | | ✓ | |
| ၅ | HIV, AIDS, လိင်မှတဆင့်ကူးစက်နိုင်သောရောဂါများ | | | ✓ | |
| ၆ | တီဘီ | | ✓ | | ကူးစက်မှုမရှိပါ။ |
| ၇ | ဆီးချို | | ✓ | | |

| # | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု | | | မှတ်ချက် / သုံးသပ်ချက် |
|---|---|---|---|---|---|
| | | မြင့် | နိမ့် | မရှိ | |
| ၈ | သွေးတိုး | | ✓ | | |
| ၉ | အသည်းရောဂါ ( ဘီ၊ စီ) | | | ✓ | |
| ၁၀ | အာဟာရချို့တဲ့မှု | | | ✓ | |
| ၁၁ | အခြား ကူးစက်နိုင်သော ရောဂါများ | | | | |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ရာသီဥတုအခြေအနေကြောင့် ဝမ်းပျက်ဝမ်း လျှောရောဂါများ ဖြစ်ပွားလေ့ရှိသော်လည်း ထိခိုက်မှုအခြေအနေမရှိပါ။ ဆီးချို၊ သွေးတိုး ရောဂါဖြစ်ပွားမှု ရှိသော်လည်း ကရသူရိမှ ဆရာဝန်ကြီး ကိုယ်တိုင် လာရောက်စစ်ဆေးသော အချိန်များတွင်သာ သွားရောက်စစ်ဆေး ကြပါသည်။

### (၂.၈.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၃၅) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

| စဉ် | ကာကွယ်ဆေးထိုးခြင်း | ရှိ | မရှိ | မှတ်ချက် / သုံးသပ်ချက် |
|---|---|---|---|---|
| ၁ | အဆုတ်ရောဂါ | ✓ | | |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | ✓ | | |
| ၃ | ပိုလီယိုရောဂါ | ✓ | | တစ်လတစ်ကြိမ်လာထိုးပေးသည်။ |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | ✓ | | |
| ၅ | ဝက်သက်ရောဂါ | ✓ | | |
| ၆ | အခြား စုပေါင်းကာကွယ်ဆေး ထိုးနှံမှု | ✓ | | |
| ၇ | အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | | ✓ | |
| ၈ | အာဟာရပညာပေး အစီအစဉ် | | ✓ | |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ချောင်းကဖီးကျေးရွာမှတစ်လတစ်ကြိမ် လာရောက် ၍ကာကွယ်ဆေးထိုးနှံမှုများရှိပါသည်။ ကိုယ်ဝန်ဆောင်ကာလအတွင်း ကိုယ်ဝန်ဆောင်မေးခိုင်ကာ ကွယ်ဆေးများ (၃) ကြိမ် ခန့် ထိုးရပါသည်။ တစ်နှစ်တစ်ကြိမ် ဆင်ခြေထောက်ကာကွယ်ဆေးပေးဝေမှု လည်းရှိပါသည်။

### (၂.၈.၃) ကျန်းမာရေးအထောက်အပံ့များ (ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာ အဝေး (မိုင်) | အခန်း/ ကုတင် (လုံလောက်မှု ရှိ/မရှိ) | ကျန်းမာရေး ဝန်ထမ်းဦးရေ | ဆေးနှင့်ပတ်သက်သော အသုံးအဆောင်ပစ္စည်း များ (လုံလောက်မှု/ မလုံလောက်မှု) | မှတ် ချက် |
|---|---|---|---|---|---|
| ကျေးလက် ကျန်းမာရေး ဌာနခွဲ | | | | | |
| မြို့နယ် ဆေးရုံ | | | | | |
| ဆေးဆိုင် | - | | - | - | |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပတ်သပ်၍ အထောက်အပံ့ ကောင်းကောင်း ရရှိထားခြင်းမရှိသေးပါ။

## (၂.၉) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

### (၂.၉.၁) သောက်သုံးရေရရှိမှု

ဇယား (၃၇) သောက်သုံးရေရရှိနိုင်မှု

| ရေရရှိနိုင်မှု | အရေ အတွက် | အကောင်း/ အဆိုး | လက်ရှိ/လုံလောက်မှု | | | အခြား |
|---|---|---|---|---|---|---|
| | | | နွေ | မိုး | ဆောင်း | |
| ရေတွင်း | √ | အကောင်း | - | √ | - | - |
| အဝီစိတွင်း/စက်တပ် | √ | အကောင်း | - | √ | - | - |
| အဝီစိတွင်း/တုံကင် | - | - | - | - | - | - |
| မိုးရေသိုလှောင်ကန် | - | - | - | - | - | - |
| မြစ်/ချောင်း | - | - | - | - | - | - |
| ရေကန် | - | - | - | - | - | - |
| စိမ့်စမ်းရေသွယ်တန်းခြင်း | √ | - | √ | √ | √ | - |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် စိမ့်စမ်းမှ ရေပိုက်သွယ်တန်း ထားရှိပါသည်။

## (၂.၉.၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)

ဇယား (၃၈) အိမ်သာ အမျိုးအစား

| **သုံးစွဲနိုင်သောအိမ်သာ အမျိုးအစား** | **သုံးစွဲနိုင်သော အိမ်ထောင်စု** | **ရှင်းလင်းချက်** |
|---|---|---|
| ရေလောင်း/ယင်လုံအိမ်သာ | ၂၂ | - |
| ကျင်းအိမ်သာ | - | - |
| မြေ/ရေပေါ်အိမ်သာ | ၃၅၂ | ပင်လယ်ရွာဖြစ်သောကြောင့်ရေပေါ်အိမ်သာကိုသာသုံးစွဲကြသည်။ |
| တောထိုင် | ၁၁ | - |
| **စုစုပေါင်း** | ၃၈၅ | - |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာသည် ပင်လယ်ရွာဖြစ်သောကြောင့် ကုန်းပေါ် တွင်နေထိုင်သောအိမ်ထောင်စုများသာလျှင် ယင်လုံအိမ်သာသုံးစွဲမှုရှိပြီး ရေပေါ်ခြေတံရှည်အိမ်များ ဖြင့်နေထိုင်သူများမှာ ရေပေါ်အိမ်သာအမျိုးအစားများကိုသာ အများဆုံး သုံးစွဲကြသည်ကိုတွေ့ရသည်။

## (၂.၁၀) ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ဇယား (၃၉) ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

| # | ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ | ရှိ | မရှိ | မှတ်ချက် / သုံးသပ်ချက် |
|---|---|---|---|---|
| ၁ | ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီး များ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု | | √ | ဓလေ့ ထုံးစံအရ ဖြစ်နေပါသည်။ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်း များတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင် ဆောင်ရွက်မှု | √ | | (၅၀%)ခန့်ပါဝင်ဆောင်ရွက်မှုရှိ ပါသည်။ |
| ၃ | လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယ ဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ | | √ | မရှိ။ |
| ၄ | အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရှိမှု | √ | | အသိအမြင်ရှိမှုများရှိပါသည်။ |
| ၅ | အခြား (ရှိလျှင်) | | | |

ရင်းမြစ်… (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အုပ်ချုပ်ရေးအပိုင်းတွင်အမျိုးသားများသာ ပါဝင်ဆောင်ရွက်မှုရှိပြီး ကျေးရွာ၏ဓလေ့ထုံးစံအရ အမျိုးသမီးပါဝင်မှုအားနည်းကြသည်။ ကျေးရွာ ဖွံ့ဖြိုးရေး လုပ်ငန်းများတွင်လည်း အမျိုးသားအများဆုံးပါဝင်ကြပြီး အမျိုးသမီး(၅၀%)ခန့် ပါဝင်ဆောင်ရွက်ခြင်းများ ရှိပါသည်။ အချို့မှာအိမ်မှုကိစ္စများကိုသာလုပ်ကိုင်ကြသည်ကိုတွေ့ရသည်။ အမျိုးသမီးရေးရာ အကြမ်းဖက် မှုများမရှိသော်လည်း ဖြစ်လာခဲ့လျှင်လည်း ဥပဒေနှင့်တရားမျှတမှု ဆိုင်ရာ အသိအမြင်ရှိပါသည်။

## (၂.၁၁) အခြေခံ အဆောက်အဦများ အခြေအနေ

### (၂.၁၁.၁) ကျေးရွာ၏ လမ်းတည်ရှိမှု

ဇယား (၄၀) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

| လမ်း အမျိုးအစား | အမျိုးအစား (၁/၂/၃/၄) | ကောင်း သင့်/ညံ့ | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု | | လမ်းအရှည် |
|---|---|---|---|---|---|---|
| | | | | ပွင့်လင်းရာသီ | တစ်နှစ်ပတ်လုံး | |
| ရွာတွင်းလမ်းမ | ၁/၃ | ကောင်း | | | √ | |
| ချဉ်းကပ်လမ်း | | | | | | |
| ရွာချင်းဆက်လမ်း | | | | | | |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။** မြေသားလမ်း - ၁၊ ကျောက်ခင်းလမ်း - ၂၊ ကတ္တရာလမ်း/ကွန်ကရစ်လမ်း - ၃၊ သစ်သားတံတားလမ်း - ၄

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ကုန်းပိုင်းနေရာများတွင် မြေသားလမ်း ဖြစ်ပြီး အနိမ့်ပိုင်းနေထိုင်သူများမှာ သစ်သားတံတားဖြင့်သွားလာကြသည်။ တောင်အနောက်ဖက် ပိုင်းတွင် မြေသားလမ်း ဖြင့်သာ သွားလာကြပါသည်။ အချို့နေရာများတွင် တံတားများမှာစိုးရိမ်ရ ဖွယ်ရှိနေပြီး ကျေးရွာမှစုပေါင်းပြီး ကွန်ကရစ်ကြမ်းခင်းတံတား ပြင်ဆင်ဆောက်လုပ်မှုများကြောင့် တစ်နှစ်ပတ်လုံး အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း တွေ့ရသည်။

### (၂.၁၁.၂) ကျေးရွာ၏ တံတားတည်ရှိမှု

ဇယား (၄၁) ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ

| တံတား အမျိုးအစား | အရွယ်အစား | ကောင်း/သင့်/ညံ့ | တည်ဆောက်ခဲ့သောနှစ် | အသုံးပြုနိုင်သည့်ရာသီ | |
|---|---|---|---|---|---|
| | | | | ပွင့်လင်းရာသီ | တစ်နှစ်ပတ်လုံး |
| ဆိပ်ခံတံတား | ၁၀၀x၈ပေ | ကောင်း | ၂၀၁၅ | | √ |
| သစ်သားတံတား | ၅၀ပေ | သင့် | | | √ |
| ကွန်ကရစ်တံတား | | | | | |
| ကြိုးတံတား | | | | | |
| ရေပြွန် | | | | | |
| | | | | | |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် (၁၀၀x၈)ပေ အရှည်ရှိသော ကွန်ကရစ်ဆိပ်ခံ တံတားအား (၂၀၁၅)နှစ်တွင် စတင်ဆောက်လုပ်ခဲ့ပြီး ပေ(၅၀)ရှိသောသစ်သားတံတားတစ်ခုရှိပါသည်။

## (၂.၁၁.၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၄၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး (မိုင်) | ယာဉ် အမျိုးအစား | ရာသီအလိုက် သုံးစွဲနိုင်မှု | |
|---|---|---|---|---|
| | | | ပွင့်လင်းရာသီ | တစ်နှစ်ပတ်လုံး |
| မြစ်ကြောင်း | - | - | - | - |
| ပင်လယ်ရေကြောင်း | - | စက်လှေ | - | √ |
| အခြား | - | - | - | - |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ၁ – လှေ၊ သမ္ဗာန် ၂ - မော်တော် ၃ - သင်္ဘော

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ပို့ဆောင်ရေးအတွက် ပင်လယ်ရေကြောင်း တစ်မျိုးကိုသာအသုံးပြုကြပါသည်။ စက်လှေ၊ မော်တော်များဖြင့်သွားလာကြပြီး ရေတက်ချိန်တွင်သာ သွားလာနိုင်ပါ သည်။

## (၂.၁၁.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုး အစား | စက် လှေ | လှေ၊ သမ္ဗာန် | စက်ဘီး | မော်တော် ဆိုင်ကယ် | ဘေးတွဲ ဆိုင်ကယ် | ကား | မြင်း လှည်း | နွား လှည်း |
|---|---|---|---|---|---|---|---|---|
| အရေအတွက် | ၂၀၄ | ၅ | ၁၄ | ၁၃ | - | - | - | - |

ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ပို့ဆောင်ရေးအတွက် ဆိုင်ကယ်သုံးစွဲခြင်းများ ရှိသော်လည်း ရွာတွင်းတွင်သာအသုံးဝင်ပါသည်။ ပင်လယ်ရွာဖြစ်သောကြောင့် စက်လှေ၊ မော်တော် များကိုသာ အသုံးပြုကြ ပါသည်။

## (၂.၁၂) လျှပ်စစ်မီးရရှိမှု

ဇယား (၄၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

| ရင်းမြစ် | အိမ်ထောင်စု | ပြုပြင်ထိန်းသိမ်းရေးစနစ် (ကောင်း/သင့်/ညံ့) | အခက်အခဲရှိ/မရှိ |
|---|---|---|---|
| မဟာဓာတ်အားလိုင်း | - | - | - |
| ဆိုလာစနစ် | ၁၃ | ညံ့ | အခက်အခဲမရှိပါ။ |
| အသေးစားရေအားလျှပ်စစ် | - | - | - |
| ဒီဇယ်သုံးအင်ဂျင် | ၄ | သင့် | အခက်အခဲမရှိပါ။ |
| လေစွမ်းအင် | - | - | - |
| ဇီဝလောင်စာ | - | - | - |

| ရင်းမြစ် | အိမ်ထောင်စု | ပြုပြင်ထိန်းသိမ်းရေးစနစ် (ကောင်း/သင့်/ညံ့) | အခက်အခဲရှိ/မရှိ |
|---|---|---|---|
| ဖယောင်းတိုင် | - | - | - |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ဒီဇယ်အင်ဂျင်သုံးမီးအားလျှပ်စစ်ဓာတ် အားလိုင်းသွယ်တန်းမှုများရှိပြီး တစ်လလျှင် (၉၀၀၀)ကျပ်နှုန်း ပေးဆောင်ရပါသည်။ ည(၆)နာရီမှ (၁၁)နာရီအထိ သာရရှိပြီး မီတာခ(၁၅)ယူနစ်ကိုအခြေခံ ယူနစ်အဖြစ်ပေးဆောင်ရသည်ကို တွေ့ရပါသည်။ ဆိုလာဖြင့် သုံးစွဲသူ အိမ်ထောင်စုအနည်းငယ်သာရှိပါသည်။

## (၂.၁၃) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ | ဂြိုလ်တုစလောင်း | အောက်စက် |
|---|---|---|---|---|---|
| အရေအတွက် | ၄၃၁ | ၁၀ | ၁၈၅ | ၁၄၆ | ၁ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အိမ်တိုင်းလိုလိုဖုန်းသုံးစွဲမှုရှိပြီး MPT ဖုန်းလိုင်းများ ကောင်းမွန်ပါသည်။ ပင်လယ်ဒေသဖြစ်ပြီး ရေဒီယိုသုံးစွဲမှုအားနည်းကြပါသည်။ အိမ် တိုင်းနီးပါးတွင် တီဗွီ၊ စလောင်းများရှိကြပြီး အသိပညာဗဟုသုတများသိရှိလေ့လာရန် လက်လှမ်းမီမှု ရှိသည် ကိုလည်းတွေ့ရှိရပါသည်။

## (၂.၁၄) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး

ဇယား (၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

| လုပ်ငန်းအမည် | ဝန်ဆောင်မှု |
|---|---|
| အပန်းဖြေနိုင်သည့်နေရာများအား လက်လှမ်းမီမှု | မရှိပါ။ကျောင်းဘောလုံးကွင်းတစ်ခုသာရှိပါသည်။ |
| လူမှုရေးလုပ်ငန်းများတွင် ပါဝင်မှု | ဘာသာရေးအဖွဲ့အစည်းများမှလုပ်ဆောင်ပေးသည်။ |
| ဘာသာရေးလုပ်ငန်းများတွင် ပါဝင်မှု | ကာလသားအဖွဲ့မှပါဝင်ကူညီမှုရှိပါသည်။ |
| အားကစားပစ္စည်းများအား လက်လှမ်းမီမှု | လက်လှမ်းမီမှုရှိပါသည်။ |
| ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်မှု | လူငယ်ပါဝင်မှုအားနည်းကြသည်။ |
| ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းရေး | မရှိ။ |
| စာကြည့်တိုက်၊ အင်တာနက်စသည်များအား လက်လှမ်းမီမှု | ပြန်ကြားရေးမှစာကြည့်တိုက်တစ်ခုနှင့် ဘုန်းကြီးကျောင်းတွင်တစ်ခုရှိပါသည်။ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ဘာသာရေးအဖွဲ့အစည်းများနှင့် ကာလသားအဖွဲ့အစည်း နှစ်မျိုးရှိပါသည်။ ကျေးရွာ၏လူမှုရေးလုပ်ငန်းနှင့် ဘာသာရေးလုပ်ငန်းများတွင် ပါဝင်မှု အားကောင်းကြပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါ ဝင်မှုအားနည်းကြသည်ကိုလည်း တွေ့ရသည်။ ကျေးရွာတွင်စာကြည့်တိုက် (၂)ခုရှိသော်လည်း လူငယ်များမှသွားရောက် ဖတ်ရှုခြင်း များနှင့်

စာအုပ်စာပေကောင်းများ လက်လှမ်းမှီမှုလည်း မရှိကြောင်းတွေ့ရပါသည်။

## (၂.၁၅) ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး အခြေအနေ

### (၂.၁၅.၁) လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီမှု

ဇယား (၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

| ဝန်ဆောင်မှုများ | ရှင်းလင်းချက် |
|---|---|
| ဆက်သွယ်ရေးဆိုင်ရာ အဆောက်အဦ များအား လက်လှမ်းမီမှု | ဆက်သွယ်ရေးဆိုင်ရာအဆောက်အဦးလက်လှမ်းမီမှုမရှိပါ။ ဖုန်းလိုင်းဆက်သွယ်ရေးကောင်းမွန်ပါသည်။ |
| အာမခံလုပ်ငန်းများအား လက်လှမ်းမီမှု | မရှိပါ။ |
| လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအစဉ် | စီစဉ်ထားခြင်းမရှိပါ။ |
| ရဲစခန်းများအား လက်လှမ်းမီမှု | ကရသူရိနှင့်(၇)မိုင်ခန့်သွားရပြီးအချိန်မှီရောက်နိုင်ခြင်းမရှိပါ။ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ဆက်သွယ်ရေးဆိုင်ရာအဆောက်အဦး လက်လှမ်းမီမှုမရှိသော်လည်း MPT ဖုန်းလိုင်းကောင်းမွန်ပါသည်။ အာမခံလုပ်ငန်းများနှင့်လူထု အခြေပြု သဘာဝဘေးအန္တရာယ် လျှော့ချရေးအစီအစဉ်များ လာရောက်ဆောင်ရွက်ပေးခြင်းများ လည်း မရှိပါ။ ကရသူရိရဲစခန်းသို့(၇)မိုင်ခန့် သွားရပြီး အချိန်မှီရောက်ရှိနိုင်ခြင်း မရှိသည်ကို တွေ့ရ ပါသည်။

### (၂.၁၅.၂) မှုခင်းဖြစ်ပွားမှု

ဇယား (၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ

| | လူကုန်ကူးမှု | ခိုးမှု | မူးယစ်ဆေးသုံးစွဲမှု | အကြမ်းဖက်မှု |
|---|---|---|---|---|
| **စိုးရိမ်/သာမန်/မရှိ** | မရှိ | မရှိ | စိုးရိမ်(WY) | မရှိ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ကြီးကြီးမားမားမှုခင်းဖြစ်ပွားမှုများ မရှိသည်ကိုတွေ့ရပါသည်။ သက်ဆိုင်ရာဌာန အဖွဲ့အစည်း များမှ ဟောပြောပွဲများ ပြုလုပ်ပေးခြင်း၊ တားဆီးအရေးယူခြင်းများကို ထိရောက်စွာလုပ်ဆောင်သင့်ပါသည်။

## ၅။ နောက်ဆက်တွဲများ

### ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာ- ကော့ရဲကြီး　　　　　　　　　　　　　　　　　　　　　　အုပ်စု - နို့ငွါး

| စဉ် | အခက်အခဲ/ပြဿနာ | အခက်အခဲဖြစ်စေသော အကြောင်းအရင်း/ဇစ်မြစ် | အခြေအနေကောင်းများ | အဟန့်အတား | ဖြေရှင်းရန်နည်းလမ်း | အဆိုပြုစီမံချက် |
|---|---|---|---|---|---|---|
| **ကဏ္ဍ - ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု** | | | | | | |
| ၁။ | • လက်ရှိကျေးရွာ အဖွဲ့အစည်းများ စွမ်းဆောင်ရည် အားနည်းခြင်း<br>• လူမှုရေး၊ ဘာသာရေးဆိုင်ရာ အဖွဲ့သာရှိပြီး စီးပွားရေး၊ ဘက်စုံဖွံ့ဖြိုးရေး စီမံခန့်ခွဲသည့် အဖွဲ့များ မရှိခြင်း<br>• ဦးဆောင်မှုအပိုင်းတွင် အမျိုးသမီးများ နေရာမရခြင်း။ | • ဖွံ့ဖြိုးရေးလုပ်ငန်းများအား အချိန်ပေးနိုင်သူ နည်းခြင်း။<br>• ကျေးရွာအဖွဲ့အစည်းများစွမ်းဆောင်ရည် မြင့်တင်ရေး အစီအစဉ်များမရှိခြင်း၊<br>• စီမံကိန်းရေးဆွဲ၍ကျေးရွာဖွံ့ဖြိုးရေးအကောင်အထည်ဖော်သည့် စနစ်မရှိသေးခြင်း<br>• ခလေ့ထုံးစံအရ | • ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း အကောင်အထည်ဖော်နည်းများ လေ့ကျင့်ရန် နိုင်ငံတော်၏ အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးရေးနှင့် ဝင်ငွေတိုး စီမံကိန်း ရှိခြင်း | • ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့အစည်းများ စွမ်းရည်မြှင့်တင်ရေးအတွက် မြို့နယ်အဆင့်မှ နည်းပညာ အကူအညီများ စဉ်ဆက်မပြတ် ရရှိနိုင်မည့် အစီအစဉ်များ မရှိခြင်း | • ကျေးရွာအသက်မွေးဝမ်းကျောင်းစီမံကိန်းများအကောင်အထည်ဖော်ရန်လိုအပ်သောအဖွဲ့များဖွဲ့စည်းခြင်း (အဖွဲ့ များတွင် အမျိုးသားအမျိုး သမီးအချိုးကျဖွဲ့စည်းခြင်း။)<br>• ဖွဲ့စည်းပြီးသောအဖွဲ့များကို စွမ်းရည်မြှင့်တင်ရေး လုပ်ငန်းများဆောင်ရွက်ခြင်း (အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှု၊ ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှု၊ စီမံကိန်းရေးဆွဲ အကောင် အထည်ဖော်မှု ဆိုင်ရာများ) | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့များစွမ်းရည်မြှင့်တင်ခြင်း။ |

| စဉ် | အခက်အခဲ/ပြဿနာ | အခက်အခဲဖြစ်စေသော အကြောင်းအရင်း/ဇစ်မြစ် | အခြေအနေကောင်းများ | အဟန့်အတား | ဖြေရှင်းရန်နည်းလမ်း | အဆိုပြုစီမံချက် |
|---|---|---|---|---|---|---|
| • ကဏ္ဍ - ငါးလုပ်ငန်း | | | | | | |
| ၂။ | • ငါးပုဇွန် ရရှိမှု လျော့နည်းခြင်း<br>• ကိုယ်ပိုင်လုပ်ငန်းမလုပ်ကိုင်နိုင်ခြင်း<br>• ဆင်းရဲသူများ လုပ်ငန်းလည်ပတ်ရန် အရင်းအနှီး မလုံလောက်ခြင်း<br>• ငါးလုပ်ငန်းဆိုင်ရာ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း ဗဟုသုတ အားနည်းခြင်း | • ငါးလုပ်ငန်းဆိုင်ရာဥပဒေနှင့် လုပ်ထုံးလုပ်နည်း ဗဟုသုတ တိုးတက်ရေးအစီအစဉ်များ စနစ်တကျ ရရှိရန် လိုအပ်ခြင်း<br>• ဒီရေတောများဖြန်းတီးမှုများ လာခြင်း<br>• ဆင်းရဲသောမိသားစုများ အတွက်သင့်တော်မည့် ချေးငွေဝန်ဆောင်မှုစနစ် များ မဖွံ့ဖြိုးခြင်း<br>• ရေလုပ်သားများဝင်ငွေထွက် ငွေမျှတအောင်သုံးစွဲနိုင်မှု အားနည်း ခြင်း | • ငါးပုဇွန်ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးနည်းလမ်းများ ဖော်ထုတ်ရန် အသက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေမြင့်တင်ရေး စီမံကိန်း ဆောင်ရွက်နေခြင်း | • ငါး၊ပုဇွန် ထုတ်လုပ်ရောင်းဝယ်ရေးဈေးကွက် ဖွံ့ဖြိုးရေးအစီအစဉ်များ လိုအပ်ခြင်း | • ငါးထုတ်ကုန်ဈေးကွက်တိုးတက်ရေးအတွက် မြို့နယ်အဆင့်အဖွဲ့အစည်းများသို့ တင်ပြခြင်း (အောက်ပါကဲ့သို့ လုပ်ငန်းများဆောင်ရွက်နိုင်ရန်)<br>• အစုအဖွဲ့စနစ်ဖြင့် ထုတ်လုပ်ရောင်းချသည့် စနစ်များ ထူထောင်ခြင်း၊<br>• အတိုးနှုန်းနည်းနည်းဖြင့် ငွေထုတ်ချေးနိုင်မည့် လုပ်ငန်းရှင်များနှင့် ချိတ်ဆက်ခြင်း၊<br>• ငါးလုပ်ငန်းဦးစီးဌာနနှင့် ချိတ်ဆက်၍ ငါးလုပ်ငန်း ဥပဒေဆိုင်ရာ ဟောပြောပွဲများကျင်းပခြင်း၊<br>• ငါးလုပ်ငန်းကဏ္ဍတိုးတက်စေ ရေး လုပ်ဆောင်နေသော အဖွဲ့များနှင့် ချိတ်ဆက်ခြင်း။ | ငါးထုတ်ကုန်ဈေးကွက်လက်လှမ်းမီမှု တိုးတက်အောင် ဆောင်ရွက်ခြင်း<br>ဆင်းရဲအဆင့်အိမ်ထောင်စုများ ကိုယ်ပိုင် ငါးဖမ်းလုပ်ငန်းထူထောင်နိုင်ရန်ရင်းနှီးငွေ ရရှိအောင်ဆောင်ရွက် ခြင်း |
| • ကဏ္ဍ - သီးနှံထုတ်လုပ်ရေး | | | | | | |
| ၃။ | ရာသီပေါ်သီးနှံစိုက်ပျိုးသူနည်း ပါးခြင်း | ပင်လယ်ကျွန်းရွာဖြစ်၍မြေ နေရာမရှိခြင်း | နှစ်ရှည်သီးနှံခြံများစိုက်ပျိုးထုတ်လုပ် နိုင်ခြင်း | ဈေးကွက်နှင့်အလှမ်း ဝေးခြင်း | ကြားသီးနှံများ စိုက်ပျိုးလာနိုင်စေရန် အသိပညာနှင့် နည်းပညာများတောင်းခံခြင်း။ | သီးနှံစိုက်ပျိုးရေး နည်းပညာဝန်ဆောင်မှုများ ရရှိအောင် ဆောင် |

| စဉ် | အခက်အခဲ/ပြဿနာ | အခက်အခဲဖြစ်စေသော အကြောင်းအရင်း/ဇစ်မြစ် | အခြေအနေကောင်းများ | အဟန့်အတား | ဖြေရှင်းရန်နည်းလမ်း | အဆိုပြုစီမံချက် |
|---|---|---|---|---|---|---|
| | • စိုက်ပျိုးနည်းပညာ ဗဟုသုတ အားနည်းခြင်း | • သီးနှံစိုက်ပျိုးရေးဆိုင်ရာ နည်းပညာဝန်ဆောင်မှု ထိရောက်စွာ မရရှိခြင်း၊<br>• ငွေအရင်းအနှီး လုံလောက်မှု မရှိခြင်း၊<br>• နှစ်ရှည်သီးနှံများသာအဓိက စိုက်ပျိုးကြခြင်း<br>• တိုးချဲ့စိုက်ပျိုးရန်မြေနေရာမရှိခြင်း | • စိုက်ပျိုးရေးကိုမိုးရာသီများတွင်စိုက်ပျိုးခြင်း | • ပင်လယ်ကျွန်းရွာဖြစ်သောကြောင့်မြေလွတ်မြေရိုင်းမရှိခြင်း | • ငွေပေါ်လွယ်သည့် ရာသီပေါ် သီးနှံများစိုက်ပျိုးသည့်နည်းပညာများ ရရှိရန် စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်ခြင်း၊<br>• အတိုးနှုန်းသက်သာသော ချေးငွေများ ရရှိရန် ချိတ်ဆက်ခြင်း | ရွက်ခြင်း၊ (စိုက်ပျိုးနည်း၊ ဈေးကွက်၊ လုပ်ငန်းစီမံခန့်ခွဲမှု) |
| • ကဏ္ဍ - မွေးမြူရေး | | | | | | |
| ၄။ | • ဝက်၊ကြက်များရောဂါကျရောက်၍ ဆုံးရှုံးခြင်း<br>• မြေနေရာ၊အရင်းအနှီး ၊ မျိုးကောင်းမျိုးသန့် ရရှိရန် ခက်ခဲခြင်း။ | • ပင်လယ်ကျွန်းရွာဖြစ်သောကြောင့်ကာကွယ်ဆေးထိုးသည့် အစီအစဉ်များ မရှိခြင်း၊<br>• မိရိုးဖလာ အစွဲရှိခြင်း၊<br>• ခေတ်မှီမွေးမြူရေး အသိပညာ အားနည်းခြင်း၊<br>• ဈေးကွက်နှင့် အလှမ်းဝေးခြင်း၊ | • မွေးမြူရေးလုပ်ငန်းကို မိသားစုအပိုဝင်ငွေရ လုပ်ငန်း အဖြစ်လုပ်ကိုင်ရန် အမျိုးသမီးများ အချိန်ပေးနိုင်ခြင်း | • တိရစ္ဆာန်ရောဂါကာကွယ်ကုသရေး နည်းပညာ ဝန်ဆောင်မှုများ ရရှိရန် မလွယ်ကူခြင်း | • မွေးမြူရေးလုပ်ငန်း စီမံခန့်ခွဲမှုနှင့် နည်းပညာများရရှိရန် မွေးကုဦးစီးဌာနသို့ တင်ပြတောင်းခံခြင်း၊<br>• အတိုးနှုန်းသက်သာသော ချေးငွေများရရှိရန် စီစဉ်ခြင်း၊ | • တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းများ လုပ် ကိုင် နိုင်အောင် ဆောင် ရွက်ခြင်း<br>• မွေးမြူရေးအတွက် ချေးငွေဝန်ဆောင်မှုများရရှိအောင်ဆောင်ရွက်ခြင်း |
| • ကဏ္ဍ - စိုက်ပျိုး၊ မွေးမြူရေးမဟုတ်သော အခြားဝင်ငွေတိုးလုပ်ငန်းများ | | | | | | |
| ၅။ | • အမျိုးသမီးများ ဝင်ငွေရလုပ်ငန်းများ မလုပ်ကိုင်နိုင်ခြင်း<br>• အသက်မွေးဝမ်း | • ရေသယံဇာတမျိုးစိတ်များ လျော့နည်းလာခြင်း<br>• အတန်းပညာတတ်မြောက်သူ နည်းခြင်း၊ | • ဝင်ငွေရလုပ်ငန်းလုပ်ကိုင်ရန်အမျိုးသမီးများအချိန်ပေးနိုင်ခြင်း<br>• ရေလုပ်ငန်းထွက်ကုန် | • နည်းပညာ၊အရင်းအနှီး ဈေးကွက်မရှိခြင်း<br>• ရေတက်ရေကျရှိသောကြောင့်သွားလာရေးခက်ခဲ | • အခြားဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်ရန်သင်တန်းများ၊ ငွေကြေးအရင်းအနှီးများ၊ ဈေးကွက်များရရှိအောင်ချိတ်ဆက် | • စိုက်ပျိုးမွေးမြူရေး မဟုတ်သောဝင်ငွေရ လုပ်ငန်းများလုပ်ကိုင်နိုင်ရန်ဆောင်ရွက် |

| စဉ် | အခက်အခဲ/ပြဿနာ | အခက်အခဲဖြစ်စေသော အကြောင်းအရင်း/ဇစ်မြစ် | အခြေအနေကောင်းများ | အဟန့်အတား | ဖြေရှင်းရန်နည်းလမ်း | အဆိုပြုစီမံချက် |
|---|---|---|---|---|---|---|
| | ကျောင်းဆိုင်ရာကျွမ်းကျင်မှု အားနည်းခြင်း<br>• အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း | • စိုက်ပျိုးရေးနှင့်ရေလုပ်ငန်းကိုသာအဓိကအသက်မွေးမှုဟုထင်နေခြင်း<br>• | ကြမ်းများ ရရှိနိုင်ခြင်း<br>• ဥယျာဉ်ခြံသီးနှံ ထွက်ကုန်များအား ကုန်ချောပြုလုပ်ရန် အခွင့်အလမ်းများ ရှိခြင်း | ခြင်း | ဆောင်ရွက်ခြင်း | ခြင်း |
| • **ကဏ္ဍ - ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း** | | | | | | |
| ၆။ | • သင့်တင့်သော ချေးငွေရရှိရန် ခက်ခဲခြင်း | • တစ်ဦးနှင့် တစ်ဦး ယုံကြည်မှုအားနည်းခြင်း၊<br>• ပြန်မဆပ်နိုင်မည်ကိုစိုးရိမ်ခြင်း<br>• အတိုးနှုန်း မြင့်မားခြင်း<br>• အတိုးနှုန်းသက်သာစွာချေးပေးမည့်အဖွဲ့အစည်းများမရှိခြင်း | • ပုဂ္ဂလိကချေးငွေလုပ်ငန်းရှင်များရှိခြင်း | • | • အတိုးနှုန်းသက်သာသောချေးငွေရရှိနိုင်မည့်အဖွဲ့အစည်းများနှင့်ချိတ်ဆက်ခြင်း | • အစုအဖွဲ့စနစ်ဖြင့်ချေးငွေရရှိရေးဆောင်ရွက်ခြင်း |
| • **ကဏ္ဍ - ပညာရေး** | | | | | | |
| | • ပညာရေး အဆောက်အဦး၊ကျောင်းသုံးပရိဘောဂပစ္စည်းများလုံလောက်မှုမရှိခြင်း<br>• ရွာတွင်အထက်တန်းကျောင်းမရှိခြင်း | • ကျောင်းဆောင်နှင့်ကျောင်းသားအင်အားလုံလောက်မှုမရှိခြင်း<br>• အထက်တန်းကျောင်းမတက်နိုင်ခြင်း | • ရွာတွင်စာသင်ကျောင်းရှိပြီးမူလတန်းမှအလယ်တန်းကျောင်းခွဲအဆင့်သို့တိုးမြင့် ထားခြင်း | ရွာတွင်အထက်တန်းကျောင်းတက်ရန်အတွက်သွားလာရေးခက်ခဲခြင်း | • သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ချိတ်ဆက်၍ကျောင်းရန်ပုံငွေ တင်ပြတောင်းခံခြင်း၊ | • စာသင်ကျောင်းအခြေခံအဆောက်အဦးများအသစ်တိုးချဲ့ဆောက် လုပ် ခြင်း<br>• ပညာရေးဝန်ထမ်းများလုံလောက်အောင်ဆောင်ရွက်ပေးခြင်း |

| စဉ် | အခက်အခဲ/ပြဿနာ | အခက်အခဲဖြစ်စေသော အကြောင်းအရင်း/ဇစ်မြစ် | အခြေအနေကောင်းများ | အဟန့်အတား | ဖြေရှင်းရန်နည်းလမ်း | အဆိုပြုစီမံချက် |
|---|---|---|---|---|---|---|
| • ကဏ္ဍ - ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး | | | | | | |
| ၈။ | • အိမ်သာ စနစ်တကျ အသုံးပြုမှု အားနည်းခြင်း<br>• အချိန်မီဆေးဝါးကုသနိုင်မှုမရှိခြင်း<br>• သောက်သုံးရေ လက်လှမ်းမှီမှုအားနည်းခြင်း | • ကျန်းမာရေးဝန်ထမ်းမရှိခြင်း<br>• ရေပိုက်လိုင်း ရွာထဲအထိ ရောက်သော်လည်းရေမလုံလောက်ခြင်း | • ဆေးဝါးအကြောင်းနားလည်သောဆေးဆိုင်များရှိခြင်း<br>• ရွာတွင်အဝီစိတွင်းများရှိခြင်း | • ကျန်းမာရေးအတွက်ဆေးခန်းပြရန်လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း<br>• ရေကိုဝယ်ယူအသုံးပြုနိုင်သော်လည်း မလုံလောက်ခြင်း | • အခြေခံကျန်းမာရေး အသိပညာပေး ဟောပြောပွဲများ ပုံမှန် ပြုလုပ်ခြင်း၊<br>• ရေလုံလောက်မှုရရှိအောင် ပိုက်လိုင်း သွယ်တန်းခြင်း၊ ရေပေးဝေမှု စနစ်တည်ဆောက်ခြင်း၊ | • သောက်သုံးရေရရှိမှုနှင့်ပတ်ဝန်းကျင်သန့်ရှင်းမှုတိုးတက်အောင်ဆောင်ရွက်ခြင်း<br>• အခြေခံကျန်းမာရေး အသိပညာပေးဟောပြောပွဲများကျင်းပပေးခြင်း |
| • ကဏ္ဍ - လမ်း၊ တံတား၊ အခြေခံ အဆောက်အဦ | | | | | | |
| ၉။ | • ရွာတွင်းတံတားများ သွားလာမှုခက်ခဲ ခြင်း | •ရေကြီးလွှမ်းမိုးမှုများ ရှိခြင်း၊<br>• ဒီရေအတက်အကျရှိခြင်း | | • ပင်လယ်ကျွန်းရွာဖြစ်ခြင်း | •ရွာတွင်းလမ်းတံတား ကောင်းမွန်အောင်အစီစဉ်များ ရေးဆွဲ ဆောင်ရွက်ခြင်း | • ရွာတွင်းလမ်းတံတားများကောင်းမွန်အောင်ဆောင်ရွက်ခြင်း |
| • ကဏ္ဍ - ကျေးရွာမီးလင်းရေး | | | | | | |
| ၁၀ | • မီတာခဈေးနှုန်းမြင့်မားခြင်း | • ပင်လယ်ရွာဖြင့်သောကြောင့် ဓာတ်အားလိုင်း မရှိ ခြင်း၊<br>• ဆိုလာပြားများ အိမ်တိုင်းစေ့ဝယ်ယူ အသုံးမပြုနိုင်ခြင်း၊<br>• ကျေးရွာပိုင်မီးလင်းရေးစနစ်များမရှိခြင်း | • အချိန်ပြည့်မီးလင်းရေးစနစ်များရှိခြင်း | • | • ဆိုလာမီး သုံးစွဲမှု တိုးတက်လာစေရန် နည်းပညာ အကူအညီရရှိရေးအတွက် သက်ဆိုင်ရာဦးစီးဌာန (လျှပ်စစ်စွမ်းအား/ ကျေးလက်) နှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ | • ကျေးရွာမီးလင်းရေး ဆောင်ရွက်ခြင်း |

| စဉ် | အခက်အခဲ/ပြဿနာ | အခက်အခဲဖြစ်စေသော အကြောင်းအရင်း/ဇစ်မြစ် | အခြေအနေကောင်းများ | အဟန့်အတား | ဖြေရှင်းရန်နည်းလမ်း | အဆိုပြုစီမံချက် |
|---|---|---|---|---|---|---|
| • **ကဏ္ဍ - လူငယ်နှင့် ယဉ်ကျေးမှု** | | | | | | |
| ၁၁။ | • လူငယ်ဖွံ့ဖြိုးရေးအစီအစဉ်များမရှိသေးခြင်း | • လူငယ်ဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲဆောင်ရွက်သည့် ဗဟုသုတနှင့်အလေ့အထမရှိခြင်း၊ | • | • | • လူငယ် ဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာဆောင်ရွက်နိုင်ရန် မြို့နယ်အဆင့် အဖွဲ့အစည်းများထံ လေ့လာခြင်း | • လူငယ်ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက် ခြင်း |
| • **ကဏ္ဍ - သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ဘေးအန္တရာယ် လျော့ချရေး** | | | | | | |
| ၁၂။ | • ငါးမျိုးပြုန်းတီးလာခြင်း<br>• အမှိုက် စွန့်ပစ်မှုစနစ်မကျခြင်း<br>• ဒီရေတော ပြုန်းတီးလာခြင်း<br><br>• ရေထု ညစ်ညမ်းခြင်း | • ရှေးယခင်ကတည်းက မီးသွေးဖုတ်ရာတွင် ဒီရေတော တစ်ခုတည်းကိုသာ မှီခိုထုတ်လုပ်ခြင်း<br>• စားကျက်မြေ၊ မျိုးပွားရန်နေရာ လျော့နည်းလာသဖြင့် ငါးမျိုးစိပ်များရှားပါးလာခြင်း<br>• ဒီရေတော ထိန်းသိမ်းမှု၊ ခုတ်ယူမှုတွင် ဥပဒေစိုးမိုးမှု အားနည်းခြင်း<br>• အမှိုက်များ စွန့်ပစ်ရန် မြေနေရာ/သတ်မှတ် မထားခြင်း<br>• ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာ အားနည်းခြင်း | • | • | • ဒီရေတော စိုက်ခင်းများ ပြန်လည်ထူထောင်ခြင်း<br>• ဒီရေတောထိန်းသိမ်းရေးဆိုင်ရာ ဒေသစည်းမျဉ်း ဥပဒေများ ရေးဆွဲသတ်မှတ်ခြင်း<br><br>• ဒီရေတောထိန်းသိမ်းရေးအသိပညာပေး ဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊<br>• အမှိုက်များ စွန့်ပစ်ရန် မြေနေရာ သတ်မှတ်ခြင်း၊ စည်းကမ်းများ သတ်မှတ်လုပ်ဆောင်ခြင်း။ | • ဒီရေတောနှင့် ငါးသယံဇာတ ထိန်းသိမ်း ရေး လုပ်ငန်းများဆောင်ရွက်ခြင်း |

# အခြေခံအဆောက်အဦးနှင့် ဦးစားပေးလုပ်ငန်းများ

ကျေးရွာ- ကော့ရဲကြီး　　　　　　အုပ်စု - နို့ငွါး　　　　　　ရက်စွဲ-　၁.၃.၂၀၂၃

| ဦးစားပေး အဆင့် | ဦးစားပေးလုပ်ငန်းများ |
|---|---|
| ၁ | လူလျှောက်သစ်သားတံတားတည်ဆောက်ခြင်း |
| ၂ | ကျန်းမာရေးဆေးပေးခန်းတည်ဆောက်ခြင်း |
| ၃ | ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း |
| ၄ | ကျေးရွာချင်းဆက်လမ်းဖောက်လုပ်ခြင်း |
| ၅ | ပုလဲအော်လမ်းဖောက်လုပ်ခြင်း |